# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 12, 2024 Volume 79, Number 8

## ပြောင်းဆန်ဈေး ဆက်တိုက်မြင့်တက်လာပြီး တစ်ပိသာ ၁၄၀၀ ကျပ်အထိရှိလာ

ပြောင်းဆန်က ပြည်ပဝယ်လိုအားကောင်းနေတာကြောင့် ပြည်တွင်းမှာ ပြောင်းဆန်ဈေး ဆက်တိုက်မြင့်တက်လာနေတယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းက သိရပါတယ်။

ပြောင်းဆန်ကို အိန္ဒိယဈေးကွက်ကို ချဲ့ထွင်တင်ပို့နေတဲ့အပြင် ထိုင်းကိုလည်း ပြောင်းတင်ပို့မှုများပြီး ပြည်ပတင်ပို့မှုအနေနဲ့ တန်ချိန်သုံးဆလောက်အထိတင်ပို့နိုင်ခြင်း၊ နိုင်ငံခြားငွေဈေးမြင့်တက်ခြင်းတွေကြောင့် ပြောင်းဈေးက အမြင့်ဈေးတန်းမှာပဲရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

"ပြောင်းက ခုလလည်းပြည်ပတင်ပို့မှု လျာထားပမာဏထက်ကျော်လွန်ပြီး တင်ပို့နိုင်တယ်။ ပြောင်းဈေးကအတက်မှာပဲ ရှိနေတယ်၊ အိန္ဒိယလည်းပို့နေတယ်၊ အဓိကတော့ ဈေးကွက်ကိုက်လို့ပို့နိုင်တာပါ။ မြေပြင်လည်း ရသလောက်ဝယ်နေပါတယ်"လို့ အသင်းတာဝန်ရှိသူတစ်ဦးကပြောပါတယ်။

ပြောင်းဆန်ဈေးဟာ လက်ရှိ ဇွန်လ ၁၀ ရက်နေ့မှာဆိုရင် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဈေးကွက်မှာ တစ်ပိသာကို ၁၃၈၀ မှ ၁၄၀၀ ကျပ်အထိရှိလာကြောင်း၊ မေလအစတုန်းက ပြောင်းဆန်တစ်ပိသာကို ၁၀၇၀ မှ ၁၀၉၀ ကျပ်သာရှိလို့ တစ်လကျော်အတွင်းမှာ တစ်ပိသာကို ၃၁၀ ကျပ် မြင့်တက်လာတာဖြစ်ပါတယ်။

မန္တလေးကုန်စည်ဈေးကွက်မှာလည်း ဇွန်လ ၁၀ ရက်နေ့မှာ ပြောင်း (ဗမာ) က ၅၄ ပိသာကို ၆၄,၀၀၀ မှ ၆၅,၀၀၀ ကျပ်၊ ပြောင်း (CP) နဲ့ ပြောင်း ( ရှမ်း) က ၅၄ ပိသာကို ၆၇,၀၀၀ မှ ၆၈,၀၀၀ ကျပ်အထိ ရှိလာကြောင်း ၊ မေလအစ ၂ ရက်နေ့တုန်းက ပြောင်း (ဗမာ) က ၅၄ ပိသာကို ၄၉,၅၀၀ မှ ၅၀,၀၀၀ ကျပ်၊ ပြောင်း ( cp) နဲ့ ပြောင်း ( ရှမ်း) က ၅၄ ပိသာကို ၅၁,၀၀၀ ကျပ် သာရှိလို့ တစ်လကျော်အတွင်း ၅၄ ပိသာဝင် တစ်အိတ်ကို ၁၆,၀၀၀ ကျပ်ဝန်းကျင် မြင့်တက်လာတာဖြစ်ပါတယ်။

ပြောင်းဆန်ဈေးမြင့်တက်လာပေမဲ့လည်း အခုရာသီက တောင်သူအများစု လက်ထဲမှာ ပစ္စည်းလက်ကျန်မရှိတော့ဘဲ ကုန်သည်လက်ထဲနဲ့ အခြားသိုလှောင်ထားသူတွေလက်ထဲမှာသာရှိတော့တယ်လို့ သိရပါတယ်။ "အခုမှဈေးတက်တော့ တောင်သူတွေမခံစားရဘူးပေါ့၊ အခုက တောင်သူလက်ထဲ ပြောင်းမရှိကြတော့ဘူး၊ ရှိလည်းအနည်းစုလောက်ပဲ၊ အခုနှစ် တောင်သူတွေက ခွက်ခွက်လန်အောင်ရှုံးတယ်၊ လုပ်ငန်းရှင်ကုန်သည်ပဲ အကျိုးအမြတ်ရကြမယ်"လို့ ပြောင်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိမှာတော့ ပြောင်းဆန်ကို ပြည်ပတင်ပို့မှုအနေနဲ့ အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်တို့ကို အဓိကတင်ပို့နေပြီး အများဆုံးကတော့ ထိုင်းနိုင်ငံကိုတင်ပို့နေရတာဖြစ်တယ်လို့ သိရပါတယ်။ ပြည်ပကိုပြောင်းဆန်တင်ပို့ရာမှာ နယ်စပ်လမ်းကြောင်း ကနေ

၁၂.၆.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၅.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၂.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၅.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၉.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၅၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၁၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

တင်ပို့နိုင်မှုမရှိဘဲ ပင်လယ်ရေကြောင်းကနေသာ အဓိကတင်ပို့နေရတာဖြစ်ပြီး ဧပြီလနဲ့မေလမှာ ပြည်ပကို ပြောင်းဆန်တင်ပို့မှု အနေနဲ့ တန်ချိန် ၈ သိန်းကျော်အထိ ရှိခဲ့တယ်လို့သိရပါတယ်။

ရှမ်းပြည်နယ်က ပြောင်းစိုက်တောင်သူတွေကတော့ အခုနှစ်မှာ ပြောင်းဆန်စိုက်ပျိုးမှုက အရှုံးနဲ့ရင်ဆိုင်ရတဲ့အတွက် ကြောင့် အခုနှစ်ပြောင်းစိုက်ရာသီမှာ ပြောင်းအစား အခြားသီးနှံကို ပြောင်းလဲစိုက်ပျိုးဖို့ စီစဉ်နေကြတယ်လို့ သိရပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ စက်မှုဇုန်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆၂၁ ဒသမ ၇၈၂ သန်းကျော်ရှိ

၂၀၂၄ ခုနှစ် ဧပြီလကုန်အထိ စက်မှုဇုန်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၆၂၁ ဒသမ ၇၈၂ သန်းကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ဧပြီမှမတ်လကုန်အထိ တစ်နှစ်အတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံအလိုက်ဝင်ရောက်မြှုပ်နှံမှု အနေဖြင့် စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၁၅၈ ဒသမ ၇၄၄ သန်း၊ Belize က ဒေါ်လာ ၁ ဒသမ ၅ သန်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာတစ်သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု ၁၆၁ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄ ဒသမ ၄၁၄ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၁၆၉ ဒသမ ၅၆၈သန်း၊ အိန္ဒိယက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁ ဒသမ ၅၄၅ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ၂၁ ဒသမ ၄၇၆ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၅၃ ဒသမ ၁၄၉ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂ ဒသ မ ၃၈၉ သန်း၊ Seychelles က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၃၈ သန်း၊ ဆွစ်ဇာလန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄ ဒသမ ၆၇၇ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၉၈ ဒသမ ၃၅၀ သန်း၊ U.K က ဒေါ်လာ ၂ ဒသမ ၀၅၆ သန်း၊ ဗီယက်နမ်က ဒေါ်လာ ၀ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၆၄၀ ဒသမ ၆၆၇ သန်း ဝင်ရောက်မြှုပ်နှံထားခြင်းဖြစ်သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်က ဒေါ်လာ ၀ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယ နိုင်ငံက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ နှစ်သန်း၊ Seychelles က ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခုနစ်သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာလေးသန်းစသည်တို့ဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/292561

## ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်းပြီး အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့ ဈေးကွက်နှင့်ပွဲရုံ များသို့ မေလအတွင်း နွေကြက်သွန်နီများ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒေသတွင်းကြက်သွန်နီ အများဆုံးစိုက်ပျိုးသော ဆိပ်ဖြူမြို့ပေါ်ရှိ ရွာသစ်ရပ်ကွက်၊ အနောက်ပိုင်းရပ်ကွက်များနှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာ များဖြစ်သော ကိုးတောင့်အုပ်နှင့် လိပ်ခြံ၊ ရွာသစ်ကြီး၊ ကပိုင်၊ ကံတွင်း၊ ချင်တောင်၊ အောက်ဆိပ်၊ ကျောင်းရွာ၊ ကုန်းရွာ၊ အလယ်စုရွာများအပြင် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပွင့်ဖြူ



စလင်း၊ တညောင်မြို့များမှ အများဆုံး ဝင်ရောက်လျက် ရှိကြောင်း၊ ကုန်စည်ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှပိဿာချိန် ၂ သောင်းမှ ၅ သောင်းခန့်အထိ ဝင်ရောက်လျက်ရှိပြီး တစ်လအတွင်း စုစုပေါင်းပိဿာချိန် ၁၅ သိန်းခန့် ဝင်ရောက်လျက်ရှိကြောင်းနှင့် မေလနောက်ဆုံးပတ်တွင် ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက် မှ သိရသည်။

ကြက်သွန်နီဈေးကွက်အနေဖြင့် ပြည်ပသို့အနည်းငယ်တင်ပို့ပြီး ပြည်တွင်းတင်ပို့မှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ပွဲရုံ၊ ပြည်နှင့်ပုသိမ်မြို့များသို့ အဓိကထားတင်ပို့လျက်ရှိကြောင်း၊ မေလအတွင်း ကြက်သွန်နီတင်ပို့သည့် စုစုပေါင်းကုန်ချိန်အနေဖြင့် ပိဿာချိန် ၁၅ သိန်းခန့်၊ တန်ချိန်အားဖြင့် ၂၄၅၀ တန်ခန့်တင်ပို့ခဲ့ကြောင်း ဈေးကွက်မှသိရသည်။

**Source: DOCA (မကွေး)**

https://www.commerce.gov.mm

## ပဲစင်းငုံဈေး ဆက်တက်နေ

ယခင်သီတင်းပတ်အတွင်း ပဲစင်းငုံ ၁ တန်ဈေးနှုန်း ကျပ် ၄၄ သိန်းကျော်ရှိခဲ့ရာမှ ယခုသီတင်းပတ်အတွင်း ကျပ် ၄၆ သိန်းကျော်အထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်၏ ထုတ်ပြန်ချက်အရ တစ်ပတ်အတွင်းဖြစ်ပေါ်ခဲ့သော ပဲစင်းငုံဈေးနှုန်းများမှာ မေလ ၅ ရက်နေ့တွင် ပဲစင်းငုံ ၁ တန် ဈေးနှုန်း ကျပ် ၄,၄၄၀,၀၀၀၊ ၆ ရက်နေ့တွင် ကျပ် ၄,၄၄၅,၀၀၀၊ ၇ ရက်နေ့တွင် ကျပ် ၄,၄၇၅,၀၀၀၊ ၈ ရက်နေ့တွင် ကျပ် ၄,၅၁၀,၀၀၀၊ ၁၀ ရက်နေ့တွင် ကျပ် ၄,၆၁၀,၀၀၀၊ ၁၁ ရက်နေ့တွင် ကျပ် ၄,၆၂၅,၀၀၀ အသီးသီးဖြစ်ခဲ့သည်။

အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင်လည်း ယခင်နှစ်ကထက် ပဲစင်းငုံအထွက်နှုန်း တိုးလာသော်လည်း သိသာသော ပြောင်းလဲမှုမဟုတ်ဘဲ ပြည်တွင်းပဲစင်းငုံဈေးတက်လာသောကြောင့် စားသုံးသူများ၏ဝယ်လိုအား ကျဆင်းလျက်ရှိကြောင်း၊ ပဲခွဲစက်များကလည်း ကြိတ်ခွဲမှုလျှော့ချနေရကြောင်း သိရသည်။

ပဲစင်းငုံခွဲခြမ်းဝယ်လိုအားပေါ်မူတည်၍ ပဲခွဲစက်များက ဝယ်ယူကြိတ်ခွဲခြင်းသာရှိပြီး ကုန်သည်အသိုင်းအဝိုင်းကလည်း ရွေးကောက်ပွဲကာလအပြီး ရလဒ်အပေါ်တွင်သာ အာရုံစိုက်လျက်ရှိကြောင်း IPGA ကဆိုသည်။

လာမည့်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲစင်းငုံဈေးနှုန်း တက်လိုက်ကျလိုက်ဖြစ်နေမည်ဟု ခန့်မှန်းပြီး၊ ပြည်တွင်းပဲစင်းငုံစိုက်ဧကအခြေအနေနှင့် အာဖရိကမှပဲစင်းငုံတင်သွင်းမှုကို စောင့်ကြည့်ရန်လိုကြောင်း ဈေးကွက်စောင့်ကြည့်သူများကဆိုသည်။

ပြည်ပမှ ပဲစင်းငုံတင်သွင်းမှုကိုလျှော့ချရန် စိုက်ဧကတိုးချဲ့စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာနက အစီအစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပြီး၊ အိန္ဒိယအစိုးရသစ်ကလည်း ပဲမျိုးစုံတင်သွင်းမှုနှင့်စားသုံးဆီတင်သွင်းမှုကိုလျှော့ချရန် စီမံချက်များရေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာဘက်တွင်လည်း လက်ရှိငွေကြေးတန်ဖိုးမတည်ငြိမ်ခြင်း၊ ဈေးနှုန်းဆက်တိုက်တက်လာနေခြင်းတို့ကြောင့် ပဲကိုသာ လက်ဝယ်ထားရှိပြီး အခြေအနေစောင့်ကြည့်လျက်ရှိကြောင်း၊ ပြည်ပတင်ပို့မှု ကျဆင်းလျက်ရှိကြောင်း ပဲမျိုးစုံရောင်းဝယ်ရေး ကုန်သည်များထံမှ သိရသည်။

**Source: ရောကုန်သွယ်မြင့်**

## ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းဘက်သို့ တင်ပို့လျက်ရှိ

မြန်မာနိုင်ငံဘက်မှ ကွမ်းသီးများကို ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ ရနောင်းသို့တင်ပို့မှုရှိနေကြောင်း မြိတ်မြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းများမှသိရသည်။ လက်ရှိအနေအထားတွင် ဘုတ်ပြင်းမြို့ဘက်မှထွက်သော ကွမ်းသီးများကိုလည်း ကော့သောင်းမှတစ်ဆင့် ထိုင်းနိုင်ငံဘက်တင်ပို့နေသည်။

"ကော့သောင်း-ရနောင်းလမ်းကြောင်းအခြေအနေကတော့ လက်ရှိမှာ ဘုတ်ပြင်းဘက်က ကွမ်းသီးတော်တော်များများ ကော့သောင်းကနေပြန်ဆင်းနေတယ်။ ကွမ်းသီးက ခါတိုင်းဆို ဒီကနေ ရန်ကုန်၊ ရန်ကုန်ကနေမှ တစ်ခါ အိတ်စ်ပို့ ပို့တယ်။ ဒီနှစ်တော့ ကော့သောင်းကနေ ရနောင်းကိုထွက်တယ်" ဟု မြိတ်မြို့နယ်ရှိ ကွမ်းသီးကုန်သည်တစ်ဦးက ရှင်းပြသည်။

လက်ရှိတွင် ကော့သောင်း-ရနောင်းလမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ရေထွက်ကုန်ပစ္စည်းများကို တင်ပို့နေပြီး ထိုင်းနိုင်ငံဘက်မှ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို ပြန်လည်တင်သွင်းနေကြောင်းလည်း သိရသည်။

"ရေထွက်ပစ္စည်း အဓိကအများဆုံးပို့တာက ထိုင်းကိုပါ။ သူတို့က အစားများတယ်။ နောက်လှေတွေ ဘာတွေမှာ သုံးတဲ့ ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေလည်း ထိုင်းဘက်ကဝင်တာပါ။ စားသောက်ကုန်တွေလည်း ဒီလမ်းကြောင်းကနေဝင်တာ ရှိပါတယ်"ဟု ကော့သောင်းမြို့နယ်ရှိ ရေထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

Source: **မြန်မာ့အလင်းသတင်းစာ**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အုန်းသီးအနုအလုံးရေ ၅၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းဒေသထွက် အုန်းသီးအနုအလုံးရေ ၅၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုက ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက အုန်းသီးအနုအလုံးရေ ၃၅၀,၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း အုန်းသီးအနုအလုံးရေ ၅၈၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၇၈,၀၀၀ ထိ ဈေးပေါက်နေကြောင်းသိရသည်။

"ဘိုကလေးမြို့နယ်ကနေထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချပါတယ်၊ ရန်ကုန်ဈေးကွက်က မေလထဲမှာ အုန်းသီးအနုတွေဝယ်ယူအားကောင်းခဲ့ပါတယ်။ မေလထဲမှာ အုန်းသီးအနုအလုံးရေအနေနဲ့ ၅၈၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဇွန်လထဲမှာလဲ အုန်းသီးအနုတွေ ဝယ်ယူအားကောင်းနေပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်လိုအားကောင်းလာတဲ့အတွက် စိုက်ပျိုးတဲ့သူတွေအနေနဲ့ အုန်းသီးတွေကိုရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ အုန်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်ရရှိပြီးအဆင်ပြေနေကြောင်း အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုချိုကပြောပြ၍သိရသည်။

Source: **ရတနာပုံသတင်းစာ**

## ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီဟိုဠ်စေ့ ပိဿာချိန် ၅၇၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လွဲ့လွဲ့ကပြောပြ၍သိရသည်။

ဟသ်ာတမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်းများကို တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့်ဧပြီလအတွင်းက သီဟိုဠ်စေ့ပိဿာချိန် ၃၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း သီဟိုဠ်စေ့ပိဿာချိန် ၅၇၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။



"ပြည်ပစျေးကွက်ရှိလာတာကြောင့် သီဟိုဠ်စေ့တွေက တင်ပို့ရောင်းချမှု အားကောင်းလာတာဖြစ်ပါတယ်။ ဒေသထွက် သီဟိုဠ်စေ့တွေကို ဟသ်ာတမြို့ကနေတစ်ဆင့် ရန်ကုန်စျေးကွက်ကို ကုန်ချောအဖြစ်ပြုလုပ်ပြီး တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်စျေးကွက်ကနေမှ ပြည်ပနိုင်ငံစျေးကွက်ကို အများအပြားတင်ပို့ရောင်းချနေတာကြောင့် ရန်ကုန်စျေးကွက်မှာလဲ အဝယ်လိုက်နေပါတယ်" ဟု ဟသ်ာတမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လဲ့လဲ့ကပြောပြသည်။

ဟသ်ာတမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ကုန် သီဟိုဠ်စေ့ တစ်ပိဿာလျှင် ငွေကျပ် ၅၉၀၀ မှ ၆၃၀၀ ထိ ပေါက်စျေးရှိကြောင်း၊ အဆိုပါသီဟိုဠ်စေ့ကို မြောင်းမြခရိုင်၊ ဟသ်ာတခရိုင်၊ လပွတ္တာခရိုင်၊ ပုသိမ်ခရိုင် စသည့်ခရိုင်များတွင် သီဟိုဠ်စေ့ စုစုပေါင်း ဧက ၆၅,၀၀၀ ထိအများဆုံး စိုက်ပျိုးထွက်ရှိကြောင်း၊ ဒေသထွက်ကုန် သီဟိုဠ်စေ့များကို ပုသိမ်မြို့ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံများက ဝယ်ယူပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချကာ ရန်ကုန်စျေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

Source: **ရတနာပုံသတင်းစာ**

## ပြည်တွင်းမှထွက်ရှိသည့်ဆန်များကို အမေရိကန်စျေးကွက်သို့ တိုးမြှင့်ပို့ဆောင်နိုင်ရန် ကမ္ဘောဒီးယားနိုင်ငံကြိုးပမ်း

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး Cham Nimul သည် ပြည်တွင်းမှ ဆန်တင်ပို့သူများကို အမေရိကန်စျေးကွက်ရှာဖွေရန် တိုက်တွန်းခဲ့ကြောင်းသိရသည်။ ဝန်ကြီးသည် အမေရိကန်နိုင်ငံ Otis Mcallister ကုမ္ပဏီမှ ကမ္ဘာလုံးဆန်နှင့်ကောက်ပဲသီးနှံရင်းမြစ်ရှာဖွေရေး ဒုတိယဥက္ကဋ္ဌ Patrick Murphy၊ ကမ္ဘောဒီးယား နိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများနှင့်အတူပြုလုပ်သည့် ကမ္ဘောဒီးယားမှ ဆန်များကို အမေရိကန်စျေးကွက်သို့ ပိုမိုပို့ဆောင်နိုင်မည့် ဖြစ်နိုင်ချေများကို ဆွေးနွေးသည့်အစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ Murphy သည် ကမ္ဘောဒီးယားနိုင်ငံ၏ အလုံးစုံတိုးတက်လာမှုအပေါ် စိတ်ကျေနပ်မှုပြသခဲ့ကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် အရည်အသွေးကောင်းမွန်သည့်ဆန်ထုတ်ကုန်များကို ချီးမွမ်းခဲ့ကြောင်း သိရသည်။



ထို့ပြင် ဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်၏အဖွဲ့ဝင် ဆန်တင်ပို့သည့် ကုမ္ပဏီ ၁၆ ခုကို ကမ္ဘောဒီးယားဆန်များ အမေရိကန်နိုင်ငံသို့ မကြာခင်တင်ပို့နိုင်ရန်အတွက် သဘောတူညီမှုရရှိရန် Otis Mcallister ကုမ္ပဏီနှင့် တိုက်ရိုက်ထုတ်လုပ်ရန် တွန်းအားပေးခဲ့ကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အထွေထွေအတွင်းရေးမှူး Lun Yeng က ဒုတိယဝန်ကြီးချုပ် Sun Changthol ဦးဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကောင်စီနှင့် Otis Mcallister ကုမ္ပဏီအကြား အခြားအစည်းအဝေးတစ်ခုပြုလုပ်ခဲ့ကြောင်း၊ Otis Mcallister ကုမ္ပဏီအနေဖြင့် အမေရိကန်စျေးကွက်သို့ဝယ်ယူရန် သဘောမတူမီ ဆန်စက်များ၏ ထုတ်လုပ်မှုအဆင့်အတန်းကို စစ်ဆေးရန်လိုအပ်ကြောင်း၊ အသင်းချုပ်တွင် အမေရိကန်စျေးကွက်အဆင့်အတန်းမီသည့် ကုမ္ပဏီနှစ်ခုရှိကြောင်း ပြောကြားခဲ့သည်။

Yeng ၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်နိုင်ငံကို တစ်နှစ်လျှင် တန် ၂၀၀၀ မှ ၃၀၀၀ ပမာဏဖြင့် နည်းပါးလှသည့်ပမာဏကိုသာ တင်ပို့လျက်ရှိကြောင်း သိရသည်။ သို့သော် Otis Mcallister ကုမ္ပဏီမှ ကမ္ဘောဒီးယားဆန်များကို ဝယ်ယူရန်သဘောတူပါက တစ်နှစ်လျှင် တန် ၅၀၀၀ မှ ၂၀,၀၀၀ ထိ မြင့်တက်နိုင်ကြောင်း သိရသည်။ ယခုနှစ်၏ ပထမ လေးလတွင် ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၂ သန်း တန်ဖိုးရှိသည့် ဆန်တန်ချိန် ၂၄၈,၄၉၁ တန်ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း သိရသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘောဒီးယားနိုင်ငံသည် ပြည်တွင်းလိုအပ်မှုထက် ၅၀ ရာခိုင်နှုန်းပိုသည့် ဆန်တန်ချိန် ၇ သန်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source: Khmer Times**

**https://www.doca.gov.mm**

## အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် နိုင်ငံ၏ဆန်စပါးအထွက်တိုးရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ



အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန၏ စိုက်ပျိုးရေးတိုးချဲ့ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (BPPSDMP) အကြီးအကဲ Dedi Nursyamsi က ၂၀၂၃ ခုနှစ်၏ ရှည်လျားၡခြောက်သွေ့သော ရာသီဥတုအခြေအနေများကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျသွားကြောင်း ဇွန်လ ၆ ရက်နေ့ (ဗုဒ္ဓဟူးနေ့) က ထောက်ပြခဲ့သည်။

၂၀၂၂ ခုနှစ်က ဆန်တန်ချိန် ၃၁ ဒသမ ၅ သန်းထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၃၀ ဒသမ ၂ သန်းသာ ထုတ်လုပ်နိုင်ခဲ့သည်ဟုသိရသည်။ Nursyamsi ၏ အဆိုအရ ပြည်တွင်းဆန်လိုအပ်ချက်မှာ တစ်လလျှင် ၂ ဒသမ ၆ သန်း ထုတ်လုပ်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးဧရိယာ ဟတ်တာတစ်သန်းခန့်အား လိုအပ်လျက်ရှိကြောင်းသိရသည်။ စိုက်ပျိုးရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၂၀၂၄ ခုနှစ် မတ်လနှင့်ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏စိုက်ပျိုးရေးဧရိယာများသည် ဟက်တာ ၈ သိန်း မှ ၉ သိန်းဝန်ကျင်တွင်သာရှိခဲ့သည်။

စိုက်ပျိုးမြေများတိုးမြင့်လာစေရန်အတွက် ဝန်ကြီးဌာနသည် လယ်သမားများ၊ စိုက်ပျိုးရေးတိုးချဲ့လုပ်သားများနှင့် အင်ဒိုနီးရှားကာကွယ်ရေးတပ်ဖွဲ့ (TNI) ၏ အရာရှိများအား သင်တန်းပေးနေသည်ဟု Nursyamsi မှ ပြောကြားခဲ့သည်။ အဆိုပါ သင်တန်း၌ စပါးစိုက်ခင်းများတွင်စိမ့်မြေများ ကောင်းမွန်အောင်ပြုလုပ်ခြင်း၊ စပါးစိုက်ခင်းမှရေများအား စနစ်တကျစုပ်ယူခြင်းနှင့် စပါးစိုက်ပျိုးရန်စိုက်ခင်းမြေများကို စနစ်တကျအသုံးပြုခြင်းစသည်ဖြင့် စပါးအထွက်တိုးခြင်းဆိုင်ရာ အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Source: Antaranews**

**https://www.doca.gov.mm**

## STOCK EXCHANGE (11.6.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 12th Jun. 2024

### Total Trading (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +200 | +2.22% | 9,200 | 9,200 | 9,100 | 264 | 2,409,300 | 33,109,694 | 304,609 |
| MTSH | 00002 | 3,200 | +50 | +1.59% | 3,150 | 3,200 | 3,150 | 1,220 | 3,903,650 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 95 | 798,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 2,872 | 4,884,800 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 170 | 481,400 | 12,823,224 | 36,546 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 760 | 1,380,900 | 19,977,223 | 36,958 |
| AMATA | 00007 | 4,900 | +100 | +2.08% | 4,800 | 4,900 | 4,800 | 245 | 1,176,500 | 10,497,598 | 51,438 |
| MAEX | 00008 | 3,300 | -150 | -4.35% | 3,350 | 3,350 | 3,300 | 1,165 | 3,865,250 | 23,804,946 | 78,556 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 12th Jun. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 409.27 | +3.20 | +0.79% | 407.79 | 409.27 | 404.90 | 6,791 | 18,899,800 | 8 | 771,961 |

### Index chart




## Market Overview

## Grand Total Trading (Total trading (MB) + Total trading (PLB))

As of 1:00 pm, 12th Jun. 2024

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

### Main Board

As of 1:00 pm, 12th Jun. 2024

### Total Trading (MB) (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 6,791 (Shares) | 18,899,800 (MMK) |

| MYANPIX | 409.27 ▲ 3.20 |
|---|---|
| Total Volume (shares) | 6,791 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 771,961 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 200 |
| MTSH | 00002 | 3,200 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,750 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 100 |
| MAEX | 00008 | 3,300 | ▼ 150 |